# FINANCIAL LITERACY

# ဆိုတာဘာလဲ ?



Financial Literacyဆိုတာ ဘာလဲ? (Done)

ငွေကြေးစီမံခန့်ခွဲခြင်း(Financial Literacy)ဆိုတာ မိမိရဲ့ ငွေကြေးကို စနစ်တကျ ခန့်ခွဲနိုင်မှု၊ ဝင်ငွေထွက်ငွေတွက်ချက်နိုင်မှု နှင့် ရင်းနှီးမြှုပ်နှံနိုင်မှု၊ ငွေနှင့် ပက်သက်သော ဝန်ဆောင်မှုများကို နားလည်သိရှိအသုံးပြုနိုင်မှု နှင့် အခြားသောငွေကြေးဆိုင်ရာ အတတ်ပညာတို့ကို နားလည်သဘောပေါက်ပြီး အဲ့ဒီပညာတွေကို ကိုယ်တိုင် စနစ်တကျ ထိရောက်စွာ သုံးစွဲတတ်မှုကို ပြောခြင်းဖြစ်ပါတယ်။ ငွေကြေးစီမံခန့်ခွဲခြင်းကို နောက်တစ်မျိုးပြောရရင် မိမိနဲ့ ငွေကြေးရဲ့ဆက်ဆံရေးအတွက် သူက အခြေခံအုတ်မြစ်၊ ပြီးတော့ သူ့ကို တစ်ဘဝလုံးလက်တွဲသွားရမယ့် အရာတစ်ခု ဆိုတာပါပဲ။

ငွေကြေးစီမံခန့်ခွဲမှုအကြောင်းကို သိရှိနားလည် အသုံးပြုလာတဲ့ သူတွေဟာဆိုရင်

1. မိမိရဲ့ ငွေကို ကိုင်တွယ်စုဆောင်းတဲ့နေရာမှာ ပိုပြီးစနစ်တကျ ဖြစ်လာမယ်။
2. ငွေကြေးဝန်ဆောင်မှုတွေကိုလည်း ပိုပြီး ထိထိရောက်ရောက် သုံးလာနိုင်မယ်။
3. ငွေရေးကြေးရေး အဆင်ပြေလာတဲ့အတွက် မိမိရဲ့ယုံကြည်ချက်တွေလည်း တိုးလာမယ်။

အစရှိတဲ့ အရာတွေအပြင် အခြားသော ငွေကြေးဆိုင်ရာ ကောင်းကျိုးများကိုလည်း တွေ့မြင်ခံစားနိုင်ပါတယ်။

သူ့အကြောင်းကို ဒီလိုပြောပြနေရတာဟာ
"ငွေကြေးစီမံခန့်ခွဲမှု အသိရှိနေခြင်းသည် ဆင်းရဲမှုဆိုတာကြီးကနေ ရုန်းထွက်နိုင်ဖို့ လက်နက် တစ်ခုဖြစ်တယ်" ဆိုတဲ့ အချက်ကို နားလည် စေချင်လို့ပါပဲ။

တစ်လစာ ( အပတ်စဉ်၊ နေ့စဉ် ) အစားအသောက်စားရိတ်ကို

# သတ်မှတ်ခြင်း



တစ်လစာ(အပတ်စဉ်၊ နေ့စဉ်) အစားအသောက်စရိတ်ကို သတ်မှတ်ခြင်း

တစ်လစာ(တစ်ပတ်စာ၊တစ်ရက်စာ မိမိအဆင်ပြေသလိုဆောင်ရွက်ပါ။) အစားအသောက်စရိတ်ကို သတ်မှတ်ခြင်း

ရှေ့ကပြောပြထားတဲ့ ကိုယ့်ရဲ့ဝင်ငွေထွက်ငွေတို့ကို စာရင်းလုပ်ပြီးတဲ့အခါမှာ ကိုယ်ဘယ်နေရာမှာ အသုံးများနေလဲ၊ ဘယ်နေရာမှ အသုံးနည်းနေလဲဆိုတာသိပြီးနောက် ဒီတစ်ခါမှာတော့ ကိုယ့်ရဲ့ အစားအသောက်ကို တစ်လစာ(တစ်ပတ်စာ၊ မိမိအဆင်ပြေသလို) limit လုပ်တတ်ဖို့ပါပဲ။

ကိုယ်ရဲ့တစ်လစာ စားစရိတ်ကို ဘတ် ၇,၀၀၀၊ ၁၀,၀၀၀ ကိုယ်အဆင်ပြေသလို၊ မိမိရတဲ့ လစာဖြင့်ညှိပြီးတော့ တွက်ချက်ကာ limit ထားပါ။


Limit ထားတဲ့ နေရာမှာလည်း အရမ်းကြီးအလွန်အကျွံမထားဘဲ ယခင်လကထက် မလိုအပ်တဲ့ အသုံးစရိတ်ကို အနည်းငယ်လျော့ကာ စပြီး ထားကြည့်ပါ။ ထားကြည့်လို့ အဆင်ပြေတယ်ဆိုရင် နောက်တစ်လကို အရင်လက လျော့ထားတဲ့ ပမာဏထက် ပို့လျော့ကြည့်ပါ။
တစ်လထက် တစ်လ ကိုယ်အာဟာရပြည့်စွာ စားနိုင်သောက်နိုင်တဲ့အထိ ထားကြည့်ပြီးတော့ limit လုပ်ရင် မိမိအတွက် ငွေပိုထွက်လာပါလိမ့်မယ်နော်။

ငွေပိုထွက်လာရင် စုဆောင်းခြင်း၊ ရင်းနှီးမြှုပ်နှံခြင်း စတာတွေကို လုပ်ဆောင်လာနိုင်မှာပဲဖြစ်ပါတယ်။

ဒါကြောင့် ဒီနေ့ကစပြီး ကိုယ့်ရဲ့လစဉ် အခြား လျော့ချနိုင်တဲ့ကုန်ကျစရိတ်ကို limit ထားတတ်တဲ့ အကျင့်မွေးမြူကြည့်လိုက်ပါနော်။

နီ (ရပ်) ၊ ဝါ (လျှော့) ၊ စိမ်း (သွား) ဆိုတဲ့ အတိုင်းကိုယ့်ရဲ့

# အသုံးစားရိတ်ကို သုံးကြည့်ပါ



8. နီ(ရပ်)၊ ဝါ(လျော့)၊ စိမ်း(သွား) 🚦 ဆိုတဲ့အတိုင်း ကိုယ့်ရဲ့အသုံးစရိတ်ကို သုံးကြည့်ပါ။

ငွေသုံးတော့မယ်ဆိုရင် ကိုယ်က လိုချင်တာလား၊ ကိုယ့်အတွက် လိုအပ်တာလား ဆိုတာလေးကို အရင်စဉ်းစား 🫣 စေချင်ပါတယ်။ တစ်ခါတစ်လေကျရင်လည်း "ဒါလေးက ဈေးသက်သာလိုက်တာဆိုပြီး"ဝယ်လိုက်တာ ၃၊၄ ခုလောက်ဆိုတော့ ငွေပမာဏက နည်းနည်းများသွားတာမျိုးလည်းရှိတတ်တယ်။

အဲ့လိုဖြစ်တတ်တဲ့အရာလေးတွေကို လျော့လို့ရအောင် အကူအညီပေးနိုင်တဲ့ နီ၊ဝါ၊စိမ်း 🚦 ငွေသုံး ပုံစံကို ပြောပြပေးချင်ပါတယ်။

အနီ(ရပ်) 🔴

အနီက ဘာကိုပြောချင်လဲဆိုတော့ ဒီအရာတွေအတွက် ငွေသုံးတာကို တတ်နိုင်ရင် လုံးဝ ရပ်လိုက်ပါတော့လို့ ပြောတာပဲဖြစ်ပါတယ်။
လူတစ်ယောက်နဲ့ တစ်ယောက်ရဲ့ ရှောင်ရမယ့် အရာတွေကတော့ အနည်းငယ်ကွဲပြားနိုင်ပါတယ်။
ဥပမာ- မူးယစ်ဆေးဝါး၊ လောင်းကစား၊ မိမိရှိသော ငွေကြေးထပ်ပို၍ ဈေးကြီးသော၊ မလိုအပ်သော အဝတ်အစား၊ အသုံးအဆောင်များ ဝယ်ခြင်း စသောအရာတို့ကို အနီ(ရပ်) 🔴 အုပ်စုထဲတွင်ထားကာ အမြဲ မိမိကိုယ်ကို သတိပေးပါ။

အဝါ(လျော့) 🟡

အဝါကတော့ တစ်ခါတစ်လေ လုပ်သင့်တဲ့အရာလေးတွေပါ။ တချို့အရာလေးတွေက ကိုယ့်အတွက် အပန်းဖြေ၊ စိတ်ဖိစီးမှုလျော့စေတဲ့ သဘောအနေနဲ့ လုပ်သင့်တဲ့အရာလေးတွေပါ။ ဒါလေးတွေက တစ်ခါတစ်ရံမှ လုပ်ရင် ကိစ္စမရှိပေမယ့် မကြာခဏ လုပ်မိပါက ကိုယ့်ရဲ့ငွေကြေးရေးရာမှာ ထိခိုက်လာစေနိုင်တဲ့ အရာလေးတွေပဲ ဖြစ်ပါတယ်။ "တန်ရင်ဆေး၊ လွန်ရင်ဘေး" ဆိုတဲ့ စကားအတိုင်းပါပဲ။ ဝါ(လျော့) 🟡 ဟာဆိုရင်လည်း အပေါ်က အနီလိုပဲ ဒီအရောင်မှာပါတဲ့ "လျော့" ရမယ့် အရာတွေဟာလည်း လူတစ်ဦးနဲ့ တစ်ဦး ကွာခြားပါလိမ့်မယ်။
ဥပမာ- အရက်၊ ဆေးလိပ်၊ သူငယ်ချင်းများဖြင့် မကြာခဏတွေ့ကာ သောက်စားပျော်ပါးခြင်း၊ Club ခဏခဏတက်ခြင်း အစရှိတဲ့ဟာတွေကို တတ်နိုင်သမျှ "လျော့"နိုင်ရန် အဝါရောင် 🟡 အုပ်စုလေးထဲမှာ ထည့်ပြီး ကိုယ့်ဟာကို အမြဲ နိုးဆော်ပေးပါ။


အစိမ်း(သွား) 🟢

အစိမ်းကတော့ သုံးရမယ့် အရောင်ပဲဖြစ်ပါတယ်။ ဒီအရောင် အုပ်စုကတော့ မိမိအတွက် လိုအပ်သောအရာများ (*လိုချင်တာမဟုတ်*)၊ ရေရှည်ရှေ့ရေးအတွက် အကျိုးပြုမယ့် အသုံးစရိတ်တွေပဲဖြစ်ပါတယ်။

ဥပမာ- ပညာရေး၊ ကျန်းမာရေး၊ ခန္ဓာကိုယ်အတွက် ကောင်းမွန်စေသော၊ အာဟာရဖြစ်သော အစားအသောက်များ အစရှိသည်တို့ပဲဖြစ်ပါတယ်။

ဒီ အရောင်လေး (၃)ရောင် 🚦 ကို စာရွက်တစ်ရွက်မှာ ချရေးပြီးတော့ မိမိ နေ့တိုင်းမြင်နိုင်လောက်တဲ့နေရာမှာ ထားပြီး အမြဲသတိပေးနေပါနော်။ ဒါလေးက ငွေစုတဲ့အခါမှာလည်း အကူအညီဖြစ်ပါလိမ့်မယ်နော်။

# ပိုက်ဆံစုခြင်းရဲ့ကောင်းကျိုးများ



11. ပိုက်ဆံစုခြင်း💵ရဲ့ကောင်းကျိုးများ

ပိုက်ဆံစုဖို့ဆိုတာ ပြောသလောက်လွယ်တဲ့ အရာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် စိတ်ဓာတ်ကြံ့ခိုင်မှု၊ သေချာတဲ့ ငွေကြေးပန်းတိုင် ချမှတ်မှုတွေနဲ့ဆိုရင် ပိုက်ဆံစုခြင်းဆိုတဲ့ အလေ့အကျင့်မွေးမြူဖို့ဆိုတာဟာ ထင်သလောက်လည်း မခက်ခဲပါဘူး။

အခုကတော့ ပိုက်ဆံစုခြင်းကနေရမယ့် အကျိုးကျေးဇူး တချို့ကို ဝေမျှပေးပါမယ်နော်။

၁.အရေးပေါ်အခြေအနေအတွက် 🚨 အကူအညီဖြစ်မှု

အရေးပေါ်အခြေအနေတွေဟာ အမြဲတမ်း မမျှော်လင့်ဘဲ ရုတ်တရက် 😨 ဖြစ်တတ်ပါတယ်။ အဲ့လို အခြေအနေမှာဆို ကိုယ့်မှာ စုဆောင်းထားတဲ့ ငွေပိုလိုပါပြီ။ ပြီးရင် ဒီလို အရေးပေါ် ဖြစ်လာတဲ့ အခြေအနေမှာ ရုတ်တရက်ပိုက်ဆံရှာဖို့ဆိုရင် ပိုစိတ်ဖိစီး😰ရပါတယ်။ ပိုဆိုးတာက ကိုယ့်မိသားစုဝင် သေရေးရကိစ္စဆိုရင် ပိုအကျပ်ရိုက်မှာပါ။
ဒီလိုအခြေအနေအတွက် မိမိမှာ စုထားဆောင်းထားတဲ့ ပိုက်ဆံလေးရှိနေရင် တစ်ခဏတာပဲ ဖြစ်ဖြစ် အသက်ရှူချောင်သွားမှာတော့ အသေအချာပါပဲ။

၂.အခြေအနေအမျိုးမျိုးကြောင့် အလုပ်လက်မဲ့ ဖြစ်သွားရခြင်းအတွက် အကူအညီဖြစ်မှု

ကိုဗစ်ကြောင့် အလုပ်လက်မဲ့ဖြစ်သွားတဲ့ သူတွေ အများကြီးကို မျက်မြင်တွေ့ပြီးပြီ ဖြစ်ပါလိမ့်မယ်။ အဲ့လိုအခြေနေမျိုး မိမိကိုယ်တိုင် မကြုံတွေ့နိုင်ဘူးလို့ မပြောနိုင်ပါဘူး။ ထို အခြေအနေမျိုးကြုံရလျှင်လည်း မိမိမှာ အရင်က စုထားဆောင်းထားရှိတဲ့အတွက် ဒုက္ခများစွာရောက်မှာတော့ မဟုတ်တော့ပေ။

၃.ရှေ့လျှောက်ပညာရေးအတွက် အကူအညီဖြစ်မှု

မိမိအတွက်ပဲဖြစ်ဖြစ်၊ မိမိ မိသားစုဝင် တစ်ဦးဦးအတွက် ဘာသာစကားလေ့လာတာပဲဖြစ်ဖြစ်၊ အတတ်ပညာတစ်ခုခုကိုလေ့လာချင်တဲ့အခါမှာ ငွေစုငွေဆောင်းထားရှိထားတဲ့ အတွက် အဆင်ပြေစေမှာ မလွဲပါပဲ။ ပညာရေးအတွက် သုံးလိုက်ရတဲ့ ငွေဟာ အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံမှု တစ်ခုပါပဲ။

ပိုက်ဆံစုခြင်း ဆိုတာ အပေါ်ကပြထားတဲ့အရာတွေအပြင် ထိုငွေစုသူရဲ့စိတ်ပိုင်းဆိုင်ရာဖြစ်တဲ့ မိမိကိုယ်ကို ထိန်းချုပ်နိုင်မှု၊ ဇွဲရှိမှု၊ ဆုံးဖြတ်ချက်ခိုင်မာမှု ၊ စိတ်ရှည်မှု စသော အရာတွေရှိကြောင်းလည်း သက်သေပြပြီးဖြစ်ပါတယ်။

ငယ်ငယ်တုန်းက စုဘူးလေးတေနဲ့ ပိုက်ဆံစုခဲ့ကြဘူးမှာပေါ့။ အချိန်အတိုင်းအတာ တစ်ခုရောက်ရင် အဲ့စုဘူးလေးကိုဖောက် ကိုယ်စုထားတဲ့ပိုက်ဆံလေးနဲ့ လိုချင်တာလေးကို ဝယ်ဖူးတဲ့ ခံစားချက်ဟာ တော်တော်ကျေနပ်စရာ ကောင်းတယ်။ အဲ့လိုလုပ်ဖို့ အခြေအနေမပေးခဲ့ဘူး ဆိုရင်လည်း အဲ့ခံစားချက်လေးရဲ့ အရသာကို မြည်းစမ်းဖို့ အခုပဲ ပိုက်ဆံစ စုလိုက်ကြရအောင်။

မိမိရဲ့လစဉ် “ ဝင်ငွေ၊ ထွက်ငွေ၊ ငွေစာရင်း တွေကို စီစစ်ဖို့ ”

# မည်သို့သော နည်းလမ်းတွေရှိလဲ ?



မိမိရဲ့လစဉ် “ဝင်ငွေ ထွက်ငွေ ငွေစာရင်း (Budgeting) တွေကို စိစစ်ဖို့ မည်သို့သောနည်းလမ်းတွေရှိသလဲ?

ကိုယ့်ရဲ့ဝင်ငွေတွေ ဘယ်လိုမျိုး ကုန်သွားမှန်း မသိ ဖြစ်တတ်ပါသလား? ကိုယ့်ရဲ့အသုံးစရိတ်ကို ခြေရာခံလိုက်ဖို့ ခက်ခဲနေပါသလား? “ဝင်ငွေ ထွက်ငွေ ငွေစာရင်း” ရှိခြင်းက ကိုယ့်ရဲ့ငွေကြေးကို စီမံခန့်ခွဲရာမှာ ကူညီနိုင်ပြီးတော့ ရှေ့ရေးအတွက်လည်း စုဆောင်းနိုင်အောင် ကူညီပေးနိုင်ပါတယ်။ ငွေစာရင်းရှိခြင်းဆိုတာ မိမိရဲ့ဝင်ငွေနဲ့ ထွက်ငွေကို ပုံမှန်စောင့်ကြည့်တွက်ချက်တဲ့ အလေ့အကျင့်တစ်ခုပဲ ဖြစ်ပါတယ်။
ငွေစာရင်းကို နေ့စဉ်၊ အပတ်စဉ်၊ လစဉ် ကိုယ် အဆင်ပြေသလို တွက်ချက်ဆောင်ရွက်ကြည့်လို့ရပါတယ်။

သုညအခြေပြု ငွေစာရင်းတွက်နည်း

“သုညအခြေပြု ငွေစာရင်းတွက်နည်း” ဆိုတာဘာလဲ?
ကိုယ့်ရဲ့ဝင်ငွေတစ်ရွက်၊ တစ်ပြားချင်းစီကို ရည်ရွယ်ချက်ရှိရှိနဲ့ပဲသုံးမယ်။ ပြောရမယ်ဆိုရင် သင့်ရဲ့ဝင်ငွေနဲ့ အသုံးစရိတ်၊ စုငွေတို့တွေဟာ ကွက်တိကျနေမှာပဲဖြစ်ပါတယ်။

ဥပမာ
မိမိဝင်ငွေက ထိုင်းဘတ် ၁,၀၀၀ ဆိုရင်
* ဘတ် ၅၀၀ ကို ငွေလွှဲရန်၊
* ဘတ် ၂၀၀ ကို ကုန်စုံဝယ်ရန်၊
* ဘတ် ၁၀၀ ကို ကိုယ့်ရဲ့တိုလီမုတ်စ အခြားကိစ္စသုံးရန်၊
* ဘတ် ၁၀၀ ကို စုရန်၊
* ဘတ် ၁၀၀ ကို ကိုယ်သုံးချင်တာသုံးရန်၊ အစရှိသဖြင့် သတ်မှတ်ထားပြီးတော့ ကိုယ့်ဝင်ငွေရဲ့တစ်ကျပ်၊ တစ်ပြား မကျန် သုံးမယ့်၊ စုမယ့်စာရင်း လုပ်ထားခြင်းကို “သုည အခြေပြု ငွေစာရင်းတွက်ခြင်း” လို့ဆိုလိုပါတယ်။

သုည အခြေပြု ငွေစာရင်းတွက်ခြင်း နည်းလမ်းက ဘယ်သူတွေအတွက် အသင့်တော်ဆုံးလဲ?
ဒီငွေစာရင်းနည်းကတော့ ကိုယ့်ရဲ့ငွေကြေးကို အထိန်းအကွပ်ထားချင်တဲ့ သူတို့အတွက် အကောင်းဆုံး နည်းလမ်းလေးပါပဲ။

အခု ပြောပြထားတဲ့ ငွေစာရင်းတွက်နည်းကို သုံးမယ်ဆိုရင် စဉ်းစားထားရမယ့်အရာတွေက ဘာတွေလဲ?
ဒီနည်းလမ်းကို သုံးမယ်ဆိုရင် မိမိရဲ့ငွေကြေး အဝင်အထွက်ကို မျက်ခြေမပြတ် ခြေရာခံလိုက်ရန် ပုံမှန်ထက် အချိန်ပိုပြီး ပေးရပါတယ်။ အခုနည်းလမ်းကို ထိထိရောက်ရောက်ဖြစ်စေဖို့ ကိုယ့်ရဲ့ဝင်ငွေ ထွက်ငွေတို့ကို မကြာခဏ မှတ်တမ်းတင် စာရင်းရေးရမှာပဲဖြစ်ပါတယ်။

စာအိတ်ပိတ်စနစ် ငွေစာရင်းတွက်နည်း

စာအိတ်ပိတ်စနစ်ဆိုတာဘာလဲ?
အခု ငွေစာရင်းတွက်နည်းကလည်း အပေါ်က သုညအခြေပြုနည်းနှင့် ဆင်တူပုံစံလေးပါပဲ။
အခုစာအိတ်ပိတ်နည်းကတော့ ကိုယ့်ရဲ့ငွေကြေးတို့ကို စာအိတ်လေးတွေထဲကို ခွဲပြီးထည့်တဲ့နည်းလမ်းပါပဲ။
စာအိတ်တစ်ခုချင်းစီမှာ အသုံးစရိတ်ပုံစံအမျိုးမျိုးကို ရေးပြီးခွဲထားခြင်းဖြစ်ပါတယ်။

ဥပမာ
မိမိဝင်ငွေက ထိုင်းဘတ် ၁,၀၀၀ ဆိုရင်
* ဘတ် ၅၀၀ ကို ငွေလွှဲရန်၊
* ဘတ် ၂၀၀ ကို ကုန်စုံဝယ်ရန်၊
* ဘတ် ၁၀၀ ကို ကိုယ့်ရဲ့တိုလီမုတ်စ အခြားကိစ္စသုံးရန်၊
* ဘတ် ၁၀၀ ကို စုရန်၊
* ဘတ် ၁၀၀ ကို ကိုယ်သုံးချင်တာသုံးရန်၊ အစရှိသဖြင့် စာအိတ်လေးတွေကို ရေးပြီးတော့ အသီးသီး သတ်မှတ်ထားတာပဲဖြစ်ပါတယ်။

စာအိတ်ပိတ်စနစ် ငွေစာရင်းတွက်ခြင်း နည်းလမ်းက ဘယ်သူတွေအတွက် အသင့်တော်ဆုံးလဲ?
ဘဏ်ကတ် အသုံးပြုတဲ့နေရာမှာ ငွေကို လိုတာထက်ပို၍ သုံးတတ်သောသူများ၊ မိမိရဲ့ဝင်ငွေတွေ ဘယ်ကိုရောက်သွားလဲဆိုတာ မြင်ချင်သိချင်သူများအတွက် ဒီနည်းလမ်းလေးကတော့ အကောင်းဆုံးပါပဲ။

အခု ဝေမျှပေးထားတဲ့ စာအိတ်ပိတ်ငွေစာရင်းတွက်နည်းကို သုံးမယ်ဆိုရင် စဉ်းစားထားရမယ့်အရာတွေက ဘာတွေလဲ?
COVID-19 ရောဂါရဲ့သက်ရောက်မှု တစ်ခုဖြစ်တဲ့ ငွေသားလက်ခံခြင်းကို နေရာတော်တော်များများမှာ လက်ခံမှုနည်းလာတဲ့အတွက်ကြောင့် ဒီနည်းလမ်းလေးက ပုံမှန်တွေ့နေကျ နည်းလမ်းတစ်ခုတော့မဟုတ်ပါဘူး။

ပြီးတော့ ပိုက်ဆံ ကျပျောက်တတ်ခြင်းနှင့် နေရာမှားထားမိခြင်း စသောအရာတို့ဖြစ်နိုင်ချေရှိပါတယ်။
ငွေသားကိုင်ခြင်းဟာ ကိုယ့်ရဲ့ဘဏ်အကောင့်ကနေ/ကို ငွေအဝင်အထွက်တို့ မရှိတော့ဘဲ
ဘဏ်ကနေငွေချေးချင်ပါက ကိုယ့်ဘဏ်ရဲ့ ငွေအဝင်အထွက် သက်သေပြစရာ မရှိတော့ဘဲ
ဖြစ်တတ်ပါသေးတယ်။

၅၀-၃၀-၂၀ ငွေစာရင်းတွက်နည်း

၅၀-၃၀-၂၀ ငွေစာရင်းတွက်နည်း ဆိုတာဘာလဲ?
ဒီနည်းလမ်းလေးကတော့ သင့်ရဲ့ ဝင်ငွေတို့ကို ရာခိုင်နှုန်းတို့အပေါ်မူတည်ပြီး အုပ်စုသုံးစုခွဲခြင်းပဲ ဖြစ်ပါတယ်။
* ဝင်ငွေရဲ့ ၅၀%ကို သင်လိုအပ်သော၊ မသုံးမဖြစ် အသုံးစရိတ်အဖြစ်ထားရန်၊
* ဝင်ငွေရဲ့ ၃၀%ကို သင်လိုချင်သော၊ အရမ်းအရေးမကြီးသော အသုံးစရိတ်အဖြစ်ထားရန်၊
* နောက်ဆုံးကျန်တဲ့ ဝင်ငွေရဲ့၂၀%ကို သင့်ရဲ့ စုငွေအဖြစ်ထားရန်တို့ပဲဖြစ်ပါတယ်။

ဥပမာ
မိမိဝင်ငွေက ထိုင်းဘတ် ၁,၀၀၀ ဆိုရင်
* ဘတ် ၅၀၀ကို သင်လိုအပ်သော၊ မသုံးမဖြစ် အသုံးစရိတ် (ဝင်ငွေ ဘတ် ၁,၀၀၀ x ၅၀%)၊
* ဘတ် ၃၀၀ကို သင်လိုချင်သော၊ အရမ်းအရေးမကြီးသော အသုံးစရိတ် (ဝင်ငွေ ဘတ် ၁,၀၀၀ x ၃၀%)၊
* ကျန် ဘတ် ၂၀၀ကို သင့်ရဲ့ စုငွေ စသည်ဖြင့် တွက်ချက်ထားရှိပါ။ (ဝင်ငွေ ဘတ် ၁,၀၀၀ x ၂၀%)

၅၀-၃၀-၂၀ ငွေစာရင်းတွက်ခြင်း နည်းလမ်းက ဘယ်သူတွေအတွက် အသင့်တော်ဆုံးလဲ?
မိမိဝင်ငွေ ငွေစာရင်းကို ရိုးရိုးသာမန်လေး တွက်ရတာ ကြိုက်နှစ်သက်သော်လည်း ထွက်ငွေအတွက် ခွဲထားတဲ့
အုပ်စုအ ိုက်လေးရှိတာလည်း နှစ်သက်သူတွေအတွက် အကောင်းဆုံးပါပဲ။

၅၀-၃၀-၂၀ ငွေစာရင်းတွက်နည်းကို သုံးမယ်ဆိုရင် စဉ်းစားထားရမယ့်အရာတွေက ဘာတွေလဲ?
အခုနည်းလမ်းက ကိုယ် ယေဘုယျခွဲထားတဲ့ အုပ်စု (၃)စုထဲက တစ်စုချင်းစီထဲမှာပဲ ကိုယ်ဘာကို
သုံးလိုက်မိပါလိမ့် ဆိုပြီး ဖြစ်တတ်ပါတယ်။ ဥပမာ - သင်လိုအပ်သောအသုံးစရိတ်အုပ်စုထဲမှာ ကုန်စုံဝယ်တာကို
ပုံမှန်ထက်ပိုဝိယ်လိုက်မိပြီး ကားဆီဝယ်ဖို့အတွက် ငွေ မလောက်တော့တာမျိုး ဖြစ်တတ်ခြင်းကိုဆိုလိုတာပါ။
အဲ့လိုမျိုး ဖြစ်တတ်တာကြောင့် ကိုယ့်ဘက်ကနေ မမျှော်လင့်ဘဲ သုံးမိတတ်သော အသုံးစရိတ်ဆိုပြီး ရံ ထားရင်
ပိုအဆင်ပြေပါလိမ့်မယ်။

ငွေစာရင်းတွက်နည်းမရှိသော ငွေစာရင်း

“ငွေစာရင်းတွက်နည်းမရှိသော ငွေစာရင်း”ဆိုတာဘာလဲ?
အခုနည်းလမ်းကတော့ ကိုယ့်ရဲ့ဘဏ်အကောင့်မှာ “သုည” ပြမနေဖို့ဘဲနဲ့ ကိုယ်လိုအပ်တာကို ဝယ်ဖို့ ငွေအလုံအလောက်ရှိရင်ပဲ ရပြီဆိုတဲ့ ငွေစာရင်းတွက်နည်းလေးပါ။ ဒီနည်းကတော့ အပေါ်မှာ ပြောပြထားခဲ့တဲ့ “သုညအခြေပြု ငွေစာရင်းတွက်ခြင်း”နှင့် “စာအိတ်ပိတ်စနစ် ငွေစာရင်းတွက်ခြင်း”တို့နှင့် ဆန့်ကျင်ဘက်ပါပဲ။ ငွေစာရင်းတွက်နည်းမရှိသော ငွေစာရင်းတွက်နည်းက အခုဖော်ပြထားတဲ့ နည်း(၂)နည်းနဲ့မတူဘဲ ဝင်ငွေ ထွက်ငွေအသုံးစရိတ်တို့အတွက် အုပ်စုခွဲမထားတဲ့ နည်းလမ်းဘဲဖြစ်ပါတယ်။

ဥပမာ
ကိုယ့်ဘဏ်ထဲမှာ ဘတ် ၁,၀၀၀ ရရင် လကုန်ရက်အထိ ဘတ် ၈၀၀ ရှိနေရင်အဆင်ပြေပြီဆိုတာ သင်သိနေတာမျိုးပဲဖြစ်ပါတယ်။ ဝင်ငွေကို ကိုယ်ကြိုက်သလို သုံးလို့ရတယ်။ ကုန်စရာရှိတဲ့ရက်မှာ ပေးနိုင်ဖို့ ပေးရမယ့်ငွေပမာဏရှိနေရင် ရပြီဆိုတဲ့ ငွေစာရင်းတွက်နည်းပဲဖြစ်ပါတယ်။

အခုဝေမျှထားတဲ့ ငွေစာရင်းတွက်ခြင်း နည်းလမ်းက ဘယ်သူတွေအတွက် အသင့်တော်ဆုံးလဲ?
ကိုယ့်ရဲ့ဝင်ငွေ ထွက်ငွေကို လိုက်လံစစ်ဆေးနေရတာကို မနှစ်သက်သော သူတို့အတွက် အကောင်းဆုံးဖြစ်ပါတယ်။

ဒီနည်းလေးကို သုံးမယ်ဆိုရင် စဉ်းစားထားရမယ့်အရာတွေက ဘာတွေလဲ?
အခုလိုမျိုး နည်းလမ်းသုံးတဲ့သူတို့ဟာ ငွေကို ကုန်မှန်းမသိကုန်အောင် သုံးတတ်သွားနိုင်တာကြောင့် မိမိတစ်ကယ်လိုအပ်တဲ့ အချိန်မှာ လက်ထဲငွေရှိအောင် “အရေးပေါ်ငွေ” ဆိုပြီး သီးသန့်ထားရှိဖို့ အကြံပြုတိုက်တွန်းချင်ပါတယ်။